COVID-19 ကာကွယ်ဆေး

# သိရှိရန် အချက်အလက်များ

## ကာကွယ်ဆေးထိုးပြီးနောက် ရောဂါကူးစက်ခြင်း (BREAKTHROUGH INFECTIONS)

### COVID-19 ကြောင့် အပြင်းအထန်ဖျားနာသူ အများစုမှာ နောက်ဆုံးပေါ်ဆေးကို မထိုးထားသောကြောင့် ဖြစ်ပါသည်။

နောက်ဆုံးပေါ်ဆေးကို ထိုးထားခြင်းဆိုသည်မှာ နှစ်ကြိမ်ထိုးရသော ကာကွယ်ဆေးအတွက် နှစ်ကြိမ်စလုံး ထိုးပြီးခြင်းနှင့် အကျုံးဝင်မှုအလိုက် ထပ်ဆောင်းထိုးခြင်း (booster shot) ဖြစ်သည်။

### ကာကွယ်ဆေးများသည် အပြင်းအထန်ဖျားနာခြင်းမှ ကာကွယ်ပေးပါသည်။

ရောဂါပိုးကူးစက်နှုန်း အဆမတန် မြင့်မားခြင်းများ ဖြစ်သည့်တိုင်အောင် ကာကွယ်ဆေးများသည် ဆေးထိုးထားသူအားလုံးကို အပြင်းအထန်ဖျားနာခြင်း သို့မဟုတ် အသက်ဆုံးရှုံးသည်အထိ ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ဆဲ ဖြစ်ပါသည်။

### COVID-19 ကာကွယ်ဆေးများသည် ဘေးကင်းလုံခြုံပါသည်

ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံကြောင်းကို အမျိုးမျိုးသော တိုင်းရင်းသားမျိုးနွယ်၊ လူမျိုး၊ အသက်အရွယ်နှင့် သန်း ရာချီသော လူများတွင် သက်သေပြထားပါသည် အပျော့စား ဘေးထွက်ဆိုးကျိုးများမှာ ပုံမှန်ဖြစ်လေ့သည်။ ပြင်းထန် ဘေးထွက်ဆိုးကျိုးများသည် အင်မတန်ရှားပါပြီး ဖြစ်ပွားသူအများစုမှာလည်း ပြန်လည်သက်သာကြပါသည်

### COVID-19 ကာကွယ်ဆေးများသည် ကောင်းစွာလုပ်ဆောင်ပါသည်။

သင်ကိုယ်တိုင်၊ သင့်မိသားစုနှင့် သင့်အသိုင်းအဝိုင်းကို ကာကွယ်ရန် အကောင်းဆုံးနည်းမှာ နောက်ဆုံးပေါ် COVID-19 ကာကွယ်ဆေးများ ထိုးထားရန်ဖြစ်ပါသည်။

နောက်ဆုံးပေါ်ကာကွယ်ဆေးကို ထိုးမထားပါက သင်သည် COVID-19 ကြောင့် အပြင်းအထန်ဖျားနာခြင်း သို့မဟုတ် သေဆုံးခြင်း၊ အခြားသူများသို့ ကူးစက်စေခြင်း ဖြစ်နိုင်ပါသည်။

### သင်သည် ကာကွယ်ဆေးထိုးပြီးနောက် ရောဂါကူးစက်ခြင်းကို ကာကွယ်နိုင်ပါသည်။

သင်သည် နောက်ဆုံးပေါ် ကာကွယ်ဆေးများ ထိုးထားသည့်တိုင်အောင် နှာခေါင်းစည်းတပ်ဆင်မှသာ သင်နှင့် သင့်မိသားစုအတွက် လုံခြုံစိတ်အချရဆုံးဖြစ်ပါလိမ့်မည်။

လူအများနှင့် ခပ်ခွာခွာနေခြင်း (social distancing)၊ လူစုလူဝေး လုပ်ခြင်းများကို ရှောင်ကျဉ်ခြင်းနှင့် လက် မကြာခဏဆေးကြောခြင်းများသည် သင်ကိုယ်တိုင်နှင့် အခြားသူများကို ဘေးကင်းလုံခြုံစေသည့် အကောင်းဆုံးနည်းလမ်းများဖြစ်ပါသည်

သင့်ကိုယ်သင်ကာကွယ်ပါ။ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ပါ။ ကာကွယ်ဆေးထိုးပါ။

United Healthcare UNMC

For more information: vaxne.org